JUSTICE FOR MYANMAR

သတင်းထုတ်ပြန်ချက်

မတ် ၁၄၊ ၂၀၂၃၊ မြန်မာ

အန္တရာယ်များတဲ့ ရေကာတာစီမံကိန်းတွေအတွက် အကြံပေးဖို့ ဥရောပကုမ္ပဏီတွေကို တရားမဝင်မြန်မာစစ်အုပ်စုက ဒေါ်လာသန်းနဲ့ချီပြီးငွေပေးခဲ့

AFRY AB နဲ့ ILF Group တို့က နိုင်ငံတကာလူ့အခွင့်အရေးတာဝန်တွေကို လိုက်နာဖို့ ပျက်ကွက်နေဆဲ

ဘေးအန္တရာယ်ရှိတဲ့ ရေအားလျှပ်စစ်စီမံကိန်းတွေလုပ်ဆောင်ဖို့ အတိုင်ပင်ခံလုပ်ငန်းအတွက် ဥရောပအင်ဂျင်နီယာကော်ပိုရေးရှင်းနှစ်ခုကို စစ်အုပ်စုက ဒေါ်လာသန်းနဲ့ချီပြီး ပေးချေခဲ့တဲ့အကြောင်း လျှို့ဝှက်ပေါက်ကြားလာတဲ့ အခွန်မှတ်တမ်းတွေကို ဆန်းစစ်သုံးသပ်ပြီး Justice For Myanmar က ထုတ်ဖော်ခဲ့ပါတယ်။ အဲ့ဒီ အခွန်မှတ်တမ်းဖိုင်အချို့ကို Distributed Denial of Secrets က ပေးခဲ့တာ ဖြစ်ပါတယ်။

ဆွီဒင်အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီ AFRY AB ရဲ့ ဆွစ်ကုမ္ပဏီခွဲဟာ မြန်မာနိုင်ငံက အထက်ရဲရွာနဲ့ အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းတွေမှာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ အထိ အတိုင်ပင်ခံလုပ်ငန်းအတွက် ဝန်ဆောင်ခအဖြစ် အမေရိကန်ဒေါ်လာ ၄.၆၈ သန်း ရရှိခဲ့ပါတယ်။

ဩစတြီးယားအခြေစိုက် ILF Group ရဲ့ မြန်မာကုမ္ပဏီခွဲက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ်၊ ဧပြီလအထိ အတိုင်ပင်ခံလုပ်ငန်းအတွက် စစ်အုပ်စုဆီက အမေရိကန်ဒေါ်လာ ၁.၁ သန်း ရရှိခဲ့ပါတယ်။ ILF Group ရဲ့ ပြည်တွင်းကုမ္ပဏီခွဲက မြန်မာနိုင်ငံက အခြားရေလှောင်တမံစီမံကိန်း တစ်ခုဖြစ်တဲ့ သူငွေးရေအားလျှပ်စစ်စီမံကိန်းမှာလည်း အလုပ်လုပ်နေပါတယ်။

ကုမ္ပဏီနှစ်ခုလုံးကို စစ်အုပ်စုက တရားမဝင် ထိန်းချုပ်ထားတဲ့ လျှပ်စစ်ဝန်ကြီးဌာနရဲ့ ဦးစီးဌာနတစ်ခုက ပေးချေခဲ့တာဖြစ်တယ်။ ဒီကုမ္ပဏီတွေက စစ်တပ်ရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ အာဏာသိမ်းကြိုးပမ်းမှု မတိုင်မီ ၂၀၂၀ ခုနှစ်တုံးက ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားတဲ့အစိုးရက ပေးအပ်ခဲ့တဲ့ တင်ဒါနဲ့ စစ်အုပ်စုကို အကြံပေးနေတာ ဖြစ်တယ်။

AFRY က မြန်မာနိုင်ငံမှာ လုပ်နေတဲ့ သူတို့လုပ်ငန်းတွေရဲ့ လက်ရှိအခြေအနေနဲ့ ပတ်သက်ပြီး Justice For Myanmar ရဲ့အသေးစိတ်မေးခွန်းတွေကို မဖြေပဲ သူတို့မှာ မြန်မာနိုင်ငံထဲက စီမံကိန်းတွေ ရှိတဲ့အကြောင်းကိုတော့ အတည်ပြုခဲ့ပါတယ်။

ILF Group က "ကျွန်ုပ်တို့ရဲ့ လုပ်ငန်းတွေကို ဆက်မလုပ်တာ ကာလတခုရှိပါပြီ။ လက်တလောအချိန်မှာ ဆည်ရေပိုလျှံလုပ်ငန်းအတွက် ရေလှောင်တမံခိုင်ခံ့ရေးနဲ့ မြေထိန်းနံရံခိုင်ခံ့ရေးတို့ကို အဓိကဆောင်ရွက်ခဲ့ပါတယ်" လို့ ပြန်လည်ဖြေကြားခဲ့ပါတယ်။ ILF Group က သူတို့လုပ်ငန်းများ ရပ်ဆိုင်းထားခဲ့တဲ့ ရက်စွဲကိုတော့ ထုတ်ဖော်ပြောကြားတာမျိုး မရှိပါဘူး။

ကုမ္ပဏီနှစ်ခုလုံးဟာ မြန်မာနိုင်ငံကုမ္ပဏီမှတ်ပုံတင်စာရင်းမှာ မှတ်ပုံတင်ထားဆဲဖြစ်ပါတယ်။

တရားမဝင်စစ်အုပ်စုက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့်နဲ့ သင်းပင်းဖွဲ့စည်းခွင့်တို့ကို ဖိနှိပ်ဖျက်ဆီးနေတဲ့တချိန်တည်းမှာ ရေကာတာတွေကို တည်ဆောက်နေတာ ဖြစ်ပါတယ်။ စစ်တပ်ရဲ့အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း စစ်အုပ်စုက တရားလက်လွတ်သတ်ဖြတ်တာ၊ မတရားဖမ်းဆီးတာ၊ အရပ်ဘက်-စစ်ဘက်မခွဲခြားပဲ လေကြောင်းတိုက်ခိုက်တာနဲ့ အမြောက်လက်နက်ကြီးတွေနဲ့ တိုက်ခိုက်တာအပြင်၊ မုဒိမ်းမှုတွေနဲ့ ညှဉ်းပမ်းနှိပ်စက်မှုတွေကို ကျူးလွန်ပြီး နိုင်ငံတော်အကြမ်းဖက်မှုတစ်ရပ်ကို ဖန်တီးကျူးလွန်ခဲ့ပါတယ်။ စစ်အုပ်စုက လူပေါင်း ၃,၁၀၀ ကျော်ကို <u>သတ်ဖြတ်ထား</u>ပြီး၊ ၂၀,၀၀၀ ကျော်ကို ဥပဒေမဲ့ဖမ်းဆီးထားပါတယ်။

အထက်ရဲရွာရေလှောင်တမံက မြစ်ငယ်မြစ်လို့လည်း သိကြတဲ့ နမ္မတူမြစ်ပေါ်မှာ တည်ဆောက်ထားတဲ့ ၂၈၀ မဂ္ဂါဝပ် ရေအားလျှပ်စစ်စီမံကိန်းတစ်ခုဖြစ်ပါတယ်။ ဒီစီမံကိန်းက အရင်စစ်အာဏာရှင်လက်ထက် ၂၀၀၈ ခုနှစ်မှာ <u>ပေါ်ပေါက်ခဲ့တာ</u> ဖြစ်ပြီး၊ အဲ့ဒီစီမံကိန်းရဲ့ လူမှုဝန်းကျင်နဲ့ သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှု၊ ပွင့်လင်းမြင်သာမှုမရှိတာ၊ ဘိုးဘွားပိုင်မြေယာတွေအပေါ် ခြိမ်းခြောက်မှုနဲ့ <u>ပဋိပက္ခ</u>တွေ တိုးပွားလာနိုင်တာကြောင့် ဒေသခံပြည်သူတွေက ဆန့်ကျင်ကန့်ကွက်ခဲ့ကြပါတယ်။

၂၀၂၀ ခုနှစ်မှာ ရှမ်းလူ့အခွင့်အရေးဖောင်ဒေးရှင်းက အထက်ရဲရွာစီမံကိန်းအနီးမှာ တရားလက်လွတ်သတ်ဖြတ်မှုတွေနဲ့ ညှဉ်းပန်းနှိပ်စက်မှုတွေအပါအဝင် မြန်မာစစ်တပ်ရဲ့ ကြီးလေးတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို <u>မှတ်တမ်းတင်ခဲ့</u>ပါတယ်။ ဒီအဖွဲ့က ရေကာတာမံစီမံကိန်းကနေ နုတ်ထွက်ဖို့ဆက်လုပ်မယ်ဆို မြန်မာစစ်တပ်ရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေမှာ ကြံရာပါပတ်သက်နိုင်တဲ့အန္တရာယ်ရှိကြောင်း နိုင်ငံခြားကုမ္ပဏီတွေကို တောင်းဆိုခဲ့ပါတယ်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလမှာ ရေလှောင်တမံအနီးက ကျေးရွာတွေမှာ နေထိုင်ကြတဲ့ လူပေါင်း ၄၀,၀၀၀ ကျော်ဟာရေလွှမ်းမှုဒဏ်ကို ခံရနိုင်ကြောင်း ဒေသတွင်းကွန်ရက်တစ်ခုဖြစ်တဲ့ နမ္မတူမြစ်ကာကွယ်သူများအဖွဲ့ က သတိပေး ခဲ့ပါတယ်။

စစ်တပ်ရဲ့ အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း ဒေသခံတွေက ဆိုးရွားတဲ့အန္တရာယ်တွေကို မမှုဘဲ အထက်ရဲ့ရွာ ရေကာတာမံစီမံကိန်းကို သတ္တိရှိရှိ ကန့်ကွက်ခဲ့ကြပြီး၊ အဲ့ဒီစီမံကိန်းက အလုပ်သမားတစ်စုကလည်း စစ်အုပ်စုကို ဆန့်ကျင်တဲ့ လူထုအာဏာဖီဆန်ရေးလှုပ်ရှားမှုမှာ ပူးပေါင်းပါဝင်ခဲ့ကြပါတယ်။

၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာမြစ်ချောင်းများဆိုင်ရာလှုပ်ရှားမှုနေ့မှာ ရှမ်းပြည်နယ်တစ်ဝှမ်းရှိ ဒေသခံပြည်သူတွေက အထက်ရဲ့ရွာအပါအဝင် စစ်အုပ်စုရဲ့ ရေကာတာမံစီမံကိန်းတွေကို ကန့်ကွက်ဆန္ဒပြခဲ့ကြပါတယ်။

သဋ္ဌေးချောင်းရေလှောင်တမံဟာ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်က ၁၁၀ မဂ္ဂါဝပ် ရေအားလျှပ်စစ်စီမံကိန်းတစ်ခု ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်မှာ ရခိုင်အရပ်ဘက်အဖွဲ့အစည်းနဲ့ နိုင်ငံရေးပါတီများညွန့်ပေါင်းအဖွဲ့ က ရခိုင်ပြည်နယ်အတွင်းရှိ အခြားသော အခြေခံအဆောက်အဦး စီမံကိန်းတွေနဲ့အတူ ရေလှောင်တမံစီမံကိန်းကို တိုင်းရင်းသားလူမျိုးစုပြည်သူတွေ သူတို့ရဲ့အရင်းအမြစ်တွေအပေါ် ကိုယ်ပိုင်စီမံခန့်ခွဲနိုင်ခွင့်ရှိစေမယ့် ဖက်ဒရယ်ဒီမိုကရေစီရရှိတဲ့အချိန်အထိ ရပ်ဆိုင်းထားဖို့ တောင်းဆိုခဲ့ပါတယ်။

အလယ်ပေါင်းလောင်းရေလှောင်တမံက နေပြည်တော်အနီး၊ ပေါင်းလောင်းမြစ်ပေါ်မှာ တည်ဆောက်ထားတဲ့ ၁၅၂ မဂ္ဂါဝပ် ရေအားလျှပ်စစ်စီမံကိန်းတစ်ခု ဖြစ်ပါတယ်။ သုတေသီတွေရဲ့ အဆိုအရ အဲ့ဒီရေလှောင်တမံဟာ ဒေသခံရွာသားတွေကို အဓမ္မရွှေ့ပြောင်းစေဖို့ ခြိမ်းခြောက်မှုရှိနေတဲ့အကြောင်း သိရပါတယ်။

AFRY အပါအဝင် တခြားကုမ္ပဏီအားလုံးအနေနဲ့ မြန်မာနိုင်ငံဖက်ဒရယ်ဒီမိုကရေစီရရှိတဲ့အချိန်အထိ မြန်မာနိုင်ငံအတွင်း တခြားကျန်ရှိတဲ့ ရေအားလျှပ်စစ်စီမံကိန်းမှန်သမျှကို တာဝန်သိစွာ ရပ်ဆိုင်းထားဖို့ Justice For Myanmar က တောင်းဆိုပါတယ်။

တစ်ချိန်တည်းမှာ AFRY ၊ ILF နဲ့ ပါဝင်တဲ့ တခြားကုမ္ပဏီအားလုံးအနေနဲ့ သူတို့ရဲ့ လူ့အခွင့်အရေးဆိုင်ရာလိုက်နာရမယ့် ပြဋ္ဌာန်းချက်တွေနဲ့ ပတ်သက်ပြီးလုပ်ဆောင်ထားတွေကို ထုတ်ပြန်ဖို့၊ မြန်မာနိုင်ငံက

ရေအားလျှပ်စစ်စီမံကိန်းအတွက် အတိုင်ပင်ခံအဖြစ်လုပ်ဖို့ သူတို့ရဲ့ ဆုံးဖြတ်ခဲ့ကြတာနဲ့ ပတ်သက်ပြီး ကျိုးကြောင်းလျှော်ကန်မှုရှိကြောင်း သက်သေပြဆိုဖို့နဲ့ စီပွားရေးနဲ့ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂရဲ့ လမ်းညွှန်အခြေခံမူတွေ၊ နိုင်ငံစုံစီးပွားရေးလုပ်ငန်းကြီးတွေအတွက် OECD ရဲ့ လမ်းညွှန်ချက်တွေနဲ့အညီ ဖြစ်ပြီးခဲ့တဲ့ ထိခိုက်ဆုံးရှုံးမှုတွေအတွက် ပြန်လည်ကုစားခြင်းတွေ လုပ်ဆောင်ဖို့ Justice For Myanmar က တောင်းဆိုပါတယ်။

Justice For Myanmar ရဲ့ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က “AFRY နဲ့ ILF အဖွဲ့တို့ဟာ သူတို့ရဲ့ စီးပွားဖက်ဖြစ်တဲ့ စစ်အုပ်စုက မြန်မာပြည်သူတွေကို အကြမ်းဖက်စစ်ဆင်နေတဲ့အချိန်မှာ မြန်မာစစ်အုပ်စုနဲ့ ပူးပေါင်းပြီး၊ လူမှုဝန်းကျင်နဲ့ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေတဲ့ ရေကာတာတည်ဆောက်ရေးအတွက် ပံ့ပိုးကူညီနေတာက စိတ်ပျက်စရာ ကောင်းလှပါတယ်။

AFRY နဲ့ ILF အဖွဲ့တို့က ဒေသခံလူ့အဖွဲ့အစည်းတွေရဲ့ အသံတွေ၊ သူတို့ရဲ့ နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ တာဝန်တွေကို လျစ်လျူရှုပြီး စစ်ရာဇဝတ်ကောင်တွေနဲ့ ပုံမှန်အတိုင်း စီးပွါးရေးလုပ်ဆောင်နေတာ ဖြစ်ပါတယ်။

ဒီရေကာတာတွေကြောင့် ဒေသခံတွေဟာ အဓမ္မရွှေ့ပြောင်းခံကြရပါတယ်။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းတွေ ဖျက်ဆီးခံရပါတယ်၊ မြန်မာ့မြစ်ကြောင်းတွေကို ထိခိုက်ပျက်စီးစေပါတယ်။ တစ်ချိန်တည်းမှာ တရားမဝင်စစ်အုပ်စုကို နယ်မြေထိန်းချုပ် နိုင်ရေးအတွက် အခြေခံအဆောက်အဦတွေကို အသုံးပြုဖို့ အားပေးကူညီနေတာ ဖြစ်ပါတယ်။

AFRY အနေနဲ့ စစ်အုပ်စုအတွက် ကျန်ရှိနေတဲ့ လုပ်ငန်းအားလုံးကို ရပ်ဆိုင်းဖို့၊ AFRY နဲ့ ILF တို့အနေနဲ့ စီးပွားရေးနဲ့လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်အခြေခံမူတွေ၊ နိုင်ငံစုံစီးပွားရေးလုပ်ငန်းတွေ အတွက် OECD လမ်းညွှန်ချက်တွေနဲ့အညီ ဖြစ်ခဲ့ပြီးတဲ့ ပျက်စီးဆုံးရှုံးမှုတွေကို ပြန်လည်ကုစား ဖြေရှင်း တာဝန်ယူပေးဖို့ တောင်းဆိုပါတယ်။

AFRY ရဲ့ ရှယ်ယာရှင်တွေအနေနဲ့ ကုမ္ပဏီတွေကို သူတို့ရဲ့ လူ့အခွင့်အရေးတာဝန်တွေကို ဖြည့်ဆည်း လုပ်ဆောင်စေဖို့ ခိုင်မာပြတ်သားတဲ့ အရေးယူဆောင်ရွက်ချက်တွေ လုပ်ဆောင်ဖို့၊ ကုမ္ပဏီတွေက မလိုက်နာခဲ့ရင် ရင်းနှီးမြှုပ်နှံမှုတွေ ရုပ်သိမ်းဖို့ တောင်းဆိုပါတယ်” လို့ ပြောကြားခဲ့ပါတယ်။

ပိုမိုသိရှိရန်

ကျွန်ုပ်တို့၏ စုံစမ်းရေးသားမှုဖြစ်သည့် အန္တရာယ်ရှိသော ရေလှောင်တမံစီမံကိန်းများအတွက် တရားမဝင် မြန်မာစစ်အုပ်စုက ဥရောပလုပ်ငန်းများအား သန်းနှင့်ချီ၍ ပေးချေခဲ့ ကို ဖတ်ရှုပါ။

Justice For Myanmar | media@justiceformyanmar.org

https://www.justiceformyanmar.org/ | Mirror:

https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။